မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

December 19 , 2024 | Volume 85 , Number 14

၁၉.၁၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၈၂.၂၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၁.၉၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၇.၅၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၉.၃၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၇၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၆၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၆၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၆.၂၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၆၉ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ပြည်ပသို့ ငါးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၅၆ ဒသမ ၆၁၄ သန်း ရရှိထား



ယခု ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်၏ ၈ လတာကာလအတွင်း ပြည်ပငါးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၅၆ ဒသမ ၆၁၄ သန်း ရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနက သိရသည်။

ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ တန်ချိန် ၂၄၀,၀၀၀ တင်ပို့နိုင်ခဲ့ပြီး ပြီးခဲ့သည့်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၃၄၄ သန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာ့ရေထွက်ကုန်များကို တရုတ်၊ဂျပန်၊ကိုရီးယား၊အာဆီယံအဖွဲ့ဝင် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၄၀ ကျော်ကို နှစ်စဉ် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့် စက်ရုံပေါင်း ၁၄၀ ကျော်ရှိပြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် နှစ်စဉ်လိုင်စင်သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်ပသို့အဓိကတင်ပို့သည့်ရေထွက်ကုန်အမျိုးအစားများမှာ ငါးသလောက်၊ ကတ်ကတစ်၊ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးတန်၊ ငါးရှဉ့်၊ ပုစွန်နှင့်ကဏန်းအစရှိသည့် ရေထွက်ကုန်များပါဝင်ကြောင်း သိရသည်။

**Source : Popular News Journal**

## မြန်မာ-ကိုရီးယားနှစ်နိုင်ငံ အနာဂတ်တွင်ဦးစားပေးသင့်သည့် စီးပွားရေးဈေးကွက်ကဏ္ဍများအပေါ် သုတေသနပြုရန် မြန်မာသံအမတ်ကြီးပြော




မြန်မာ- ကိုရီးယားနှစ်နိုင်ငံအနာဂတ်တွင် ဦးစားပေးသင့်သည့် စီးပွားရေးဈေးကွက်ကဏ္ဍများအပေါ် သုတေသနပြုရန် ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ သံအမတ်ကြီးဦးသန့်စင်ကအလေးပေးပြောကြားသည်။

ကိုရီးယားနိုင်ငံ၊ဆိုးလ်မြို့တွင် ဒီဇင်ဘာ ၁၄ ရက်ကပြုလုပ်ခဲ့သည့် "အာဆီယံ-ကိုရီးယားအကြံပေးအဖွဲ့ဝင်များ စားပွဲဝိုင်းဆွေးနွေးပွဲသို့ မြန်မာသံအမတ်ကြီးတက်ရောက်၍ ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာသံအမတ်ကြီးက မြန်မာ-ကိုရီးယားနှစ်နိုင်ငံကုန်သွယ်မှုကိစ္စနှင့်အနာဂတ်တွင် ဦးစားပေးသင့်သည့် စီးပွားရေးဈေးကွက်ကဏ္ဍများအပေါ် သုတေသနပြုရေးတို့ကို အလေးပေးပြောကြားခဲ့သည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲအား ကိုရီးယားနိုင်ငံရှိ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနက အိမ်ရှင်အဖြစ် လက်ခံ၍ ကိုရီးယားကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ စီစဉ်ကျင်းပပေးခြင်းဖြစ်ကာ စီးပွားရေးမူဝါဒဆိုင်ရာအကြံပေးအဖွဲ့ဆွေးနွေးပွဲ၏ ရည်မှန်းချက်များနှင့်ရှေ့ဆက်ဆောင်ရွက်မည့်အစီအမံများနှင့်လုပ်ငန်းစဉ်များ၊အာဆီယံနှင့်တောင်ကိုရီးယားနိုင်ငံကြား စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကိုလည်း ဆွေးနွေးခဲ့ကြသည်။

**Source : Popular News Journal**

## ပခုက္ကူမြို့နယ်၌ ဆေးရွက်ကြီးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း





မကွေးတိုင်းဒေသကြီး၊ပခုက္ကူမြို့နယ်၊ ကုက္ကိုလှ၊ ကျွန်းညိုကြီး၊ မြင်းကျွန်း၊ကျွန်းညို၊ သံပုရာပင်ကုန်း၊ မိုက်ပင်ကုန်း၊ တင်းဂါတ် ကျေးရွာအုပ်စုအတွင်းရှိကျေးရွာများတွင် ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ကိုင်းကျွန်းမြေများတွင် အစေ့ထုတ်ပြောင်း (CP )၊ ငရုတ်၊ ပဲမျိုးစုံနှင့် ကုန်စိမ်းသီးနှံမျိုးစုံကို စိုက်ဧက ၄၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဆေးရွက်ကြီးကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး မတ်လတွင် ခူးဆွတ်ရိတ်သိမ်းကြကြောင်း၊ မျိုးအနေဖြင့် ဗမာဆေးရွက်ကြီးမျိုးကိုအများဆုံးစိုက်ပျိုးကြပြီး ယခင်နှစ်က ထွက်ရှိသော မျိုးစေ့ကိုပျိုးထောင်စိုက်ပျိုးခြင်းအပြင် ပျိုးပင်ကိုဝယ်ယူ၍လည်း စိုက်ပျိုးကြောင်း၊မျိုးစေ့တစ်ပြည်လျှင် ငွေကျပ် ၂၀,၀၀၀ ခန့်နှင့်ပျိုးပင်တစ်ပင်ကို ၂၀ ကျပ်နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း၊စိုက်ပျိုးမှုအနေဖြင့် ဆေးရွက်ကြီးကို သဲနုန်းမြေအမျိုးအစား တွင် စိုက်ပျိုးကြပြီး မြေအောက်ရေအပြင် ရေလိုအပ်ပါက ရေသွင်းစိုက်ပျိုးကြောင်း၊ ပျိုးထောင်ပြီး ၄၅ ရက်အကြာတွင် မြေပေါ် သို့ချ၍ စိုက်ပျိုးကြပြီး တစ်ဧကလျှင် ဆေးရွက်ကြီး ပျိုးပင် ၇,၀၀၀ ခန့်စိုက်ပျိုးနိုင်ကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ငွေကျပ် ၃၀ သိန်းခန့်ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပိဿာ ၁,၃၀၀ ခန့်ထွက်ရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ – ၁၀,၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကာငွေကျပ်သိန်း ၆၀ ခန့် အမြတ်ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် မျိုး၊ သွင်းအားစု၊ အလုပ်သမားခနှင့် စက်သုံးဆီဝယ်ယူခဈေးနှုန်းကြီးမြင့်ခြင်းတို့ကြောင့်ငွေကျပ် ၃၅ သိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း၊ ယခုအချိန်တွင် ဆေးရွက်ကြီးအပင်များအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီးယခင်နှစ်ကဲ့သို့ဈေးနှုန်းကောင်းမွန်ပါက တောင်သူများအကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source: DOCA (မကွေး)**https://commerce.gov.mm/

## ပေါက်ခေါင်းမြို့နယ်တွင် ခရမ်းကြွပ်သီးများ တစ်ပိုင်တစ်နိုင်စိုက်ပျိုးလျက်ရှိပြီး အကျိုးအမြတ်ရ




ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၊ သဖန်းချိုအုပ်စုတွင် သီးနှံမျိုးစုံစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိရာ လေးကြီးကျေးရွာတွင် ခရမ်းကြွပ်သီးများကို ရာသီမရွေး တစ်နှစ်ပတ်လုံး မိသားစုတစ်ပိုင် တစ်နိုင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ခရမ်းကြွပ်သီးစိုက်ပျိုးရာတွင် မျိုးစေ့ကိုပျိုးထောင်ပြီး တစ်လခွဲသား အရွယ်တွင်စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး နှစ်လခွဲ/သုံးလခန့်အကြာတွင် အသီးများကို စတင်ခူးဆွတ်ရကြောင်း၊ ခရမ်းကြွပ်သီးကို အခြားသီးနှံများနှင့် ရောနှော၍တောင်သူတစ်ဦးလျှင် ၀.၂၅ ဧကစိုက်ပျိုးကြကြောင်း၊ ခရမ်းကြွပ်သီး ၀ ဒသမ၂၅ ဧကတွင် အပင်ပေါင်း ၂၀၀၀ ခန့် စိုက်ပျိုးနိုင်ပြီး မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် ငွေကျပ် ၅ သိန်း ခန့် ကုန်ကျကြောင်း၊ ခရမ်းကြွပ်သီးကို ၃ ရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး တစ်ကြိမ်ခူးဆွတ်လျှင် အလုံးရေ ၈,၅၀၀ ခန့် ထွက်ရှိရာ တစ်လခွဲခန့်အထိ ခူးဆွတ်နိုင်သည့်အတွက် စုစုပေါင်းအလုံးရေ ၁၂၇,၅၀၀ – ၁၂၈,၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေ ဖြင့် ခရမ်းကြွပ်သီးတစ်လုံးလျှင် လက်ကားဈေး ငွေကျပ် ၁၀ နှုန်းဖြင့် ကုန်စိမ်းပွဲစားများမှ စိုက်ခင်းအရောက်လာရောက်ဝယ်ယူ၍ အခြားမြို့နယ်များသို့ တင်ပို့ရောင်းချကြကြောင်း၊ ခရမ်းကြွပ်သီး ၀ ဒသမ၂၅ ဧက စိုက်ပျိုးလျှင် ငွေကျပ် ၇၇၅,၀၀၀ ကျပ် အမြတ်ရရှိကြောင်း၊ ခရမ်းကြွပ်သီးကို တောင်သူများအနေဖြင့် မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်ပြီး အကျိုးအမြတ်ရသော သီးနှံဖြစ်သည့်အတွက် နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**DOCA (ပဲခူး)**

https://commerce.gov.mm/

## မန္တလေးဈေးကွက်အတွင်း အောင်ပန်းမှထွက်ရှိသည့် ကြက်သွန်ဖြူများအရောင်းအဝယ်ကောင်းမွန်လာ



မန္တလေးဈေးကွက်အတွင်း အောင်ပန်းမှ ထွက်ရှိသည့် ကြက်သွန်ဖြူများအရောင်းအဝယ်ကောင်းမွန်လာကြောင်း ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ယခုလက်ရှိ ပြည်တွင်းဈေးကွက်အတွင်း အောင်ပန်းမှ ထွက်ရှိသည့် ကြက်သွန်ဖြူများအရည်အသွေးကောင်းသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ မန္တလေးဈေးကွက်အတွင်း၌ အောင်ပန်းမှထွက်ရှိသည့် ကြက်သွန်ဖြူများကို ကုန်သည်များအဝယ်လိုက်လာကြောင်း သိရသည်။

“အခုမန္တလေးဈေးကွက်ထဲမှာအောင်ပန်းဘက်ကထွက်ရှိတဲ့ ကြက်သွန်ဖြူတွေကိုကုန်သည်တွေအနေနဲ့အဝယ်တော်တော်များလာတယ်။ ကြက်သွန်ဖြူတွေ အဝယ်လိုက်လာတာကြောင့် မန္တလေးဈေးကွက်ထဲမှာ အောင်ပန်းကြက်သွန်ဖြူတွေ အရင်ကထက်ပိုပြီးအရောင်းအဝယ် ပြန်ဖြစ်ပါတယ်” ဟု ၎င်းကပြောပြသည်။

မန္တလေးဈေးကွက်အတွင်း၌ လက်ရှိပေါက်ဈေးအရ အောင်ပန်းဘက်မှ ထွက်ရှိသည့် ကြက်သွန်ဖြူတစ်ပိဿာလျှင် ငွေကျပ် ၁၈,၀၀၀ ခန့်ထိ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ကောင်းမွန်ကြောင်း သိရသည်။

“အခုလတ်တလော အောင်ပန်းဘက်ကနေ မန္တလေးကိုတင်ပို့တဲ့ ကြက်သွန်ဖြူတွေကို ရန်ကုန်နဲ့ အခြားမြို့တွေကိုလဲ ပြန်ပြီးတင်ပို့နေရပါတယ်။ အောင်ပန်းကထွက်တဲ့ ကြက်သွန်ဖြူတွေကို ပြည်ပနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံဘက်က ကုန်သည်တွေကလဲ မှာယူမှုတွေရှိပါတယ်”ဟု ကြက်သွန်နဲ့အာလူးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

**Source: ရတနာပုံသတင်းစာ**

## ခတ်သတ္တုရွှေဝန်ဆောင်မှု လုပ်ငန်းလိုင်စင်လျှောက်ထားပါက လုပ်ငန်းပမာဏ၏ ၂၅ ရာခိုင်နှုန်းကို တင်ပြရမည်ဟုဆို



ခတ်သတ္တုရွှေဝန်ဆောင်မှုလုပ်ငန်း လိုင်စင်လျှောက်ထားရာတွင် လုပ်ငန်းပမာဏ၏ ၂၅ ရာခိုင်နှုန်းကို တင်ပြရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းရွှေ လုပ်ငန်းရှင်များ အသင်းမှ ထုတ်ပြန်ထားသည်။

လျှောက်ထားရာတွင် သတ္တုတွင်းက ထုတ်ပေးသည့် ပုံစံ-၂ ဖောင်ကို ပြည့်စုံစွာဖြည့်ပေးရန်၊ လျှောက်ထားသူ၏ မှတ်ပုံတင်မိတ္တူ၊ ကိုယ်ရေးအကျဉ်းအောက်တွင်လက်မှတ်ရေးထိုးပေးရန်၊လုပ်ငန်းပမာဏ၏၂၅ရာခိုင်နှုန်းကိုBank statement ပြထားသည့်စာရွက်(ဘဏ်မန်နေဂျာကိုယ်တိုင် လက်မှတ်ထိုးထားတဲ့ မူရင်းစာရွက်ဖြစ်ရမည်)တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အရောင်းအဝယ်ပမာဏကိုရွှေအနေဖြင့်ဖော်ပြပေးရန်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊(ရွှေဆိုင်ဖွင့်ထားတဲ့ မြို့နယ်ရဲ့ထွေအုပ်)က ဆိုင်အတွက် လိုင်စင်လျှောက်ထားမှုအား ကန့်ကွက်မှုမရှိကြောင်း ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းသို့ ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း၏ အသင်းအဖွဲ့ဝင်အဖြစ် မှန်ကန်ကြောင်း ထောက်ခံချက်၊ ရပ်ကွက်တွင်နေထိုင်ကြောင်း ထောက်ခံချက်တို့ပါ တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၂၅ ရက်တွင် ရွှေရောင်းဝယ်ခြင်းကိုအရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ကြေညာပြီးနောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကလုပ်ငန်းလိုင်စင်ပြန်လည်လျှောက်ထားရမည်ဖြစ်ကြောင်းအမိန့်ကြော်ငြာစာထုတ်ပြန်ထားသည်။

**Source : Popular News Journal**

## ယာမြေများတွင်ကုလားပဲ(ဆောင်း)များစတင်စိုက်ပျိုး



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် ကုလားပဲ(ဆောင်း)များ စတင်စိုက်ပျိုးလျက်ရှိရာ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်တွင် ကုလားပဲ(ဆောင်း)ကို ကျောက်ဆည်မြို့နယ်တွင် ၁၇၃ ဧက၊စဉ့်ကိုင်မြို့နယ်တွင် ၃၇၂၅ ဧက၊မြစ်သားမြို့နယ်တွင် ၂၃၀၇ဧက စုစုပေါင်း၆၂၀၅ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကုလားပဲဆောင်းကို ယာမြေများ၌ အောက်တိုဘာလနောက်ဆုံးပတ်တွင် မိုးရေအစိုဓာတ်တွင်စိုက်ပျိုးကြသလို အချို့တောင်သူများမှာ မိုးရေအစိုဓာတ်အပြင် ရေစက်များဖြင့် ရေတင်၍လည်းစိုက်ပျိုးကြ ကြောင်း သိရသည်။

တောင်သူများသည် ကုလားပဲမျိုးကို မိမိအိမ်တွင် သေချာစွာသိမ်းဆည်းထားပြီး မျိုးအဖြစ်အသုံးပြုသလို အချို့တောင်သူများသည် ပွဲရုံများမှဝယ်ယူ၍စိုက်ပျိုးကြကြောင်း ယခင်နှစ်စိုက်ပျိုးချိန်တွင်ကုလားပဲမျိုးဈေးနှုန်းမှာကုလားပဲရိုးရိုးတစ်တင်းလျှင် ၇၈,၀၀၀ကျပ်၊ ကုလားပဲ V2 တစ်တင်းလျှင် ၈၆,၀၀၀ ကျပ်ဈေးနှုန်းများရှိခဲ့ပြီး ယခုနှစ်စိုက်ပျိုးချိန်တွင် ကုလားပဲမျိုးဈေးနှုန်းမှာ ကုလားပဲရိုးရိုးတစ်တင်းလျင် ၉၂,၀၀၀ကျပ်၊ ကုလားပဲ V2 တစ်တင်းလျှင် ၁၀၁၀၀၀ ကျပ်ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ၃၀၀,၀၀၀ကျပ် ဝန်းကျင်ခန့် ကုန်ကျကြောင်း၊ ယခင်နှစ် ကုလားပဲအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၉-၁၀တင်းခန့်ထွက်ရှိကြောင်း တစ်ဧက အကျိုးအမြတ်အနေဖြင့် ၅၀၀,၀၀၀ ကျပ်မြတ်ခဲ့ကြောင်း၊ ယခုနှစ်တွင် ကုလားပဲပင်များကောင်းမွန်ပြီး အထွက်နှုန်းနှင့် ဈေးနှုန်း ကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ကုလားပဲစိုက်တောင်သူတစ်ဦး ထံက သိရသည်။

**Source : DOCA (မန္တလေး)**

https://www.doca.gov.mm/

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် ၅ နိုင်ငံမှ အိန္ဒိယအား ဂျုံနှင့်ဆန်အပေါ် ဈေးကွက်ပေါက်ဈေး အထောက်အပံ့ လွန်စွာပံ့ပိုးနေကြောင်း စွပ်စွဲထား

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများဖြစ်သော အာဂျင်တီးနား၊ ဩစတြေးလျ၊ ကနေဒါ၊ ယူကရိန်းနှင့် အမေရိကန်တို့သည် အိန္ဒိယအား ဂျုံနှင့်ဆန်အပေါ် ဈေးကွက်ပေါက်ဈေး အထောက်အပံ့ အလွန်အကျွံပံ့ပိုးမှုကြောင့် ကမ္ဘာ့ကုန်သွယ်မှုကို ပျက်ပြားစေခဲ့သည်ဟု စွပ်စွဲထားသည်။

ယင်းအပေါ် အိန္ဒိယမှ တာဝန်ရှိသူ တစ်ဦးက တရားဝင်အစည်းအဝေးမှတစ်ဆင့် သင့်လျော်စွာတုံ့ပြန်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အိန္ဒိယမှ အကြောင်းကြားမှုများ Notificationအရ ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခု နှစ်အတွင်း အိန္ဒိယ၏ ဆန်ပေါက်ဈေး အထောက်အပံ့သည် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး၏ ၈၇ ရာခိုင်နှုန်းကျော် ရှိကြောင်း၊ မကြာသေးမီက ပြည်တွင်း ထောက်ပံ့မှုတန်ဖိုးအမေရိကန်ဒေါ်လာ၆၀ ဒသမ ၅ ဘီလီယံကိုထောက်ပံ့ခဲ့ကြောင်းကိုလယ်ယာကော်မတီမှတစ်ဆင့်အကြောင်းကြားထားကြောင်း၊ အိန္ဒိယနှင့်အတူ အခြားစိတ်ပါဝင်စားသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့နှင့် ဆွေးနွေးနိုင်ကြောင်း အဆိုပါ ၅ နိုင်ငံ ၏ တိုင်ကြားစာတွင် ဖော်ပြထားပါသည်။

အိန္ဒိယသည် စားနပ်ရိက္ခာဖူလုံရေး အများပြည်သူအတွက် ဆန်သိုလှောင်မှုအစီအစဉ်ကို ဆက်လက် ဆောင်ရွက်နိုင်ရေး ၂၀၂၂ -၂၀၂၃ ခုနှစ်အတွင်း လယ်သမားများအား ပံ့ပိုးကူညီမှုများ ပိုမိုပေးအပ်နိုင်ရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ လယ်ယာသဘောတူညီချက်၏ခြွင်းချက် (Peace Clause )ဖြစ်သော ပုဒ်မ- ၁၃ အရ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ခွင့်ပြုပမာဏ ceiling အတွင်း အထောက်အပံ့ပေးပိုင်ခွင့်ကို ဧပြီလက တောင်းဆိုခဲ့ပါသည်။

အထောက်အပံ့ပေးရန် ခွင့်ပြုပမာဏမှာ အိန္ဒိယကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စားသောက်ကုန်ထုတ်လုပ်မှု စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်း ဖြစ်ပါသည်။

အိန္ဒိယက လယ်ယာသဘောတူညီချက်အောက်ရှိ ပြည်တွင်းအထောက်အပံ့ပေးမှုဆိုင်ရာ ဝတ္တရားများကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၂ -၂၀၂၃ ခုနှစ်အတွင်း အိန္ဒိယ၏ စုစုပေါင်းဆန်ထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၈ သန်းရှိခဲ့ပြီးလယ်သမားများအားထောက်ပံ့ငွေအမေရိကန်ဒေါ်လာ ၆ဒသမ၃၉သန်း ပေးအပ်ခဲ့ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အကြောင်းကြားခဲ့သည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်အရ ၂၀၃၀ ပြည့်နှစ်တွင် ငတ်မွတ်ခေါင်းပါးမှု ကင်းရှင်းရေး ရည်မှန်းချက် ပြည့်မီရမည်ဖြစ်ရာ ကာလရှည်ကြာဆိုင်းငံ့နေသော အများပြည်သူအတွက် စားနပ်ရိက္ခာသိုလှောင်နိုင်မှုအစီအစဉ်ကို အဖြေရှာရန် အိန္ဒိယက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်များအား အကြိမ်ကြိမ် တောင်းဆိုခဲ့ပါသည်။

အများပြည်သူအတွက် စားနပ်ရိက္ခာသိုလှောင်နိုင်မှု(Public Stockholding PSH) အစီအစဉ်ဆိုသည်မှာ အစိုးရက လယ်သမားများထံမှ ဆန်နှင့်ဂျုံကဲ့သို့ ကောက်ပဲသီးနှံများကို အနိမ့်ဆုံးထောက်ပံ့မှုဈေးနှုန်း (Minimum Support Price MSP) ဖြင့်ဝယ်ယူကာ ဆင်းရဲနွမ်းပါးသူများအတွက် အစားအစာများကို ဖြန့်ဝေပေးသည့် မူဝါဒတစ်ခုဖြစ်ပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများသည်၁၉၈၆ – ၁၉၈၈ ခုနှစ် ရည်ညွှန်းဈေးနှုန်းများကို အခြေခံ၍ ထုတ်လုပ်မှုကုန်ကျစရိတ်စုစုပေါင်း၏ ၁၀ရာခိုင်နှုန်းကို အထောက်အပံ့ပေးနိုင်ရာ အိန္ဒိယသည် အဆိုပါတွက်ချက်မှုစနစ်ကို ပြင်ဆင်ရန် ကြိုးပမ်းနေပါသည်။

အများပြည်သူအတွက် စားနပ်ရိက္ခာသိုလှောင်နိုင်မှုအစီအစဉ်နှင့်စပ်လျဉ်း၍ ညှိနှိုင်းမှုများဆောင်ရွက်စဉ် ကြားကာလနည်းလမ်းတစ်ခုအဖြစ်၂၀၁၃ခုနှစ်ဒီဇင်ဘာလကကျင်းပခဲ့သောဘာလီဝန်ကြီးများအဆင့်အစည်းအဝေး၌ Peace Clause ဟုခေါ်သည့် စနစ်တစ်ခုကို သဘောတူခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ခွင့်ပြုပမာဏ ceiling အတွင်း အထောက်အပံ့ပေးပါက အငြင်းပွားမှု ဖြေရှင်းခြင်းစနစ်တွင် တိုင်ကြား၍မရကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်များက သဘောတူညီခဲ့ကြပါသည်။

စားနပ်ရိက္ခာသိုလှောင်နိုင်မှုအစီအစဉ်နှင့်စပ်လျဉ်း၍ဆုံးဖြတ်ချက်အတည်မဖြစ်သရွေ့အဆိုပါ Peace Clause ကို အသုံးပြုနိုင်မည် ဖြစ်ပါသည်။

**Source: The Times of India** https://commerce.gov.mm/

## ထိုင်းနိုင်ငံ၌ ပြည်တွင်းမော်တော်ကားဈေးကွက် အားနည်းနေသော်လည်း အမေရိကန်အခြေစိုက် Ford Motor က ထိုင်းနိုင်ငံရှိ ၎င်း၏ ထုတ်လုပ်မှုနှင့် ဖြန့်ချိမှုတို့တွင် ရင်းနှီးမြှုပ်နှံမှုကို ဆက်လက်တိုးချဲ့သွားရန် စီစဉ်လျက်ရှိ

ထိုင်းနိုင်ငံ၌ ပြည်တွင်းမော်တော်ကားဈေးကွက်နှေးကွေးနေသော်လည်း အမေရိကန်အခြေစိုက် Ford Motor ၏ လက်ခွဲ ထုတ်လုပ်မှုနှင့် ဖြန့်ချိရေး ဖြစ်သော Ford Thailand ၎င်း၏ ရင်းနှီးမြှုပ်နှံမှုကို ဆက်လက်တိုးချဲ့သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မော်တော်ကားရောင်းအားကျဆင်းရခြင်းမှာ စီးပွားရေးအချက်များစွာကြောင့်ဖြစ်သော်လည်း ဘဏ်များနှင့် မော်တော်ကား ဆိုင်ရာဘဏ္ဍာငွေထုတ်ပေးသည့် ကုမ္ပဏီများ၏ မြင့်တက်လာသည့် အိမ်ထောင်စုကြွေးမြီများကြောင့် မော်တော်ကားချေးငွေ ဆိုင်ရာသတ်မှတ်ချက်များ ပိုမိုတင်းကျပ်လာခြင်းကြောင့်ဖြစ်ကြောင်း၊ Ford ၏ ပစ်ကပ်ကားများသည် ဝယ်ယူသူများအကြား ရေပန်းစားလျက်ရှိပါကြောင်း၊ကုမ္ပဏီအနေဖြင့် ကာလရှည်ရင်းနှီးမြှုပ်နှံမှုကို အာရုံစိုက်လျက်ရှိပြီး ထိုင်းနိုင်ငံတွင်မော်တော်ကား စက်မှုသည်တိုးတက်လာမည့်အလားအလာမြင့်မားသည်ကို ယုံကြည်ပါကြောင်း၊ မော်တော်ကားစက်မှုကျဆင်းနေခြင်းသည် လည်း တဖြည်းဖြည်း ပြန်လည်ကောင်းမွန်လာမည်ကို မျှော်လင့်လျက်ရှိပါကြောင်း Ford Thailand မန်နေးဂျင်းဒါရိုက်တာ Mr. Ratthakarn Jutasen က ပြောကြားခဲ့သည်။

ပြည်ပမော်တော်ကားရောင်းအား တောက်ပလာသဖြင့် ကားပို့ကုန်ကိုလည်း မြှင့်တင်လိုကြောင်း၊ ပြည်တွင်းရောင်းအား သိသိသာသာကျဆင်းလာခဲ့သောကြောင့် ထိုင်းစက်မှုလုပ်ငန်းအသင်းချုပ်က ၂၀၂၄ ခုနှစ်အတွက် မော်တော်ကားထုတ်လုပ်မှု အရေအတွက်ကို အစီးရေ ၁ ဒသမ ၅ သန်းသို့ လျှော့ချခဲ့ပါကြောင်း၊ ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း မော်တော်ကား ပို့ကုန်ကျဆင်းလာခဲ့သောကြောင့် ပို့ကုန်မျှော်မှန်းချက်ကိုလည်း လျှော့ချခဲ့ပါကြောင်း၊ Ford သည် ဝန်ကြီးချုပ် H.E Mr. Paeton-gtarn Shinawatra နှင့် တွေ့ဆုံခဲ့ပြီး ထိုင်းနိုင်ငံရှိ မော်တော်ကားဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များကို ဆွေးနွေးခဲ့ပါ ကြောင်း၊မော်တော်ကားရောင်းအားမြင့်တက်လာစေရေးအတွက်ဘဏ်များ၏ ချေးငွေသတ်မှတ်ချက်များကို တတ်နိုင်သလောက် ဖြေလျှော့ပေးနိုင်ရေးဆွေးနွေးရန် အစိုးရကို တောင်းဆိုထားကြောင်း Mr. Ratthakarn က ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၌ ပစ်ကပ်ရောင်းအားသည် ၂၃ နှစ်တာကာလအတွင်း အနိမ့်ဆုံးအဆင့်သို့ကျဆင်းခဲ့ခြင်း ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ပစ်ကပ်ရောင်းအားသည် အစီးရေ ၁၃၇,၄၅၆ စီးဖြင့် ၃၉ ဒသမ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါ ကြောင်း၊ ပစ်ကပ်ရောင်းအား ကျဆင်းခဲ့ခြင်းကြောင့်မော်တော်ကားအစိတ်အပိုင်းထုတ်လုပ်သည့် လုပ်ငန်းများကိုလည်း ထိခိုက် ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ပစ်ကပ်များကို ဈေးကွက်အတွင်းရှိ မော်တော်ကားအစိတ်အပိုင်း ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင် နှုန်းကို အသုံးပြုတပ်ဆင်ခြင်းကြောင့်ဖြစ်ကြောင်း ထိုင်းစက်မှုလုပ်ငန်းအသင်းချုပ်က ထုတ်ပြန်ထားပါသည်။

**Source: www.bangkokpost.com ၊**

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ထိုင်း-မလေးရှား နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်



ထိုင်းနှင့် မလေးရှားတို့သည် ၂၀၂၇ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုကို အမေရိကန်ဒေါ်လာ ၃၀ ဘီလျံအထိရောက်ရှိရန်မျှော်မှန်းထားပြီးကုန်သွယ် ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ နယ်စပ်ဆက်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းစသည့် အဓိကနယ်ပယ်များတွင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန် နှစ် နိုင်ငံ သဘောတူညီခဲ့ကြသည်။

ထိုင်းဝန်ကြီးချုပ် ပေတုံတန်ရှင်နာဝပ်ထရာ၏ နှစ်ရက်ကြာ မလေးရှားနိုင်ငံခရီးစဉ်အတွင်း မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင် နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ၌ အဆိုပါကိစ္စရပ်များကို သဘောတူညီခဲ့ ကြသည်။

ခရီးစဉ်အတွင်း မစ္စပေတုံတန်နှင့် မစ္စတာအန်ဝါတို့သည် ၇ ကြိမ်မြောက်နှစ်ပတ်လည်ညှိနှိုင်းဆွေးနွေးပွဲကို ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီးယမန်နှစ်ကဆွေးနွေးခဲ့မှုများတွင်သဘောတူညီခဲ့သည့်လုပ်ငန်းစဉ်များကို နှစ်ဖက်စလုံးက ပြန်လည်သုံးသပ်ကာ အဆင့်မြှင့်တင်ခဲ့ကြသည်။

နှစ်ဖက်ဆွေးနွေးခဲ့သည့် အဓိကအကြောင်းအရာများနှင့်ပတ်သက်၍ ထိုင်းအစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူ Sasikam Watthanachan က အကျဉ်းရုံး ရှင်းပြခဲ့သည်။

အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ၂၀၂၇ ခုနှစ် ကုန်သွယ်ရေးရည်မှန်းချက် အမေရိကန်ဒေါ်လာ ဘီလျံ ၃၀ ရောက်ရှိရေးကိုအကောင်အထည်ဖော်ဆောင်ရန် ကုန်သွယ်ရေးနှင့် စီးပွားရေးဆက်ဆံမှုအားကောင်းစေရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန် ဝန်ကြီးချုပ်နှစ်ဦးစလုံးက ထပ်လောင်းကတိပြုခဲ့ကြသည်ဟု Sasikam Watthanachan က ပြောဆိုခဲ့သည်။

နှစ်နိုင်ငံကုန်သွယ်မှု၏ ၃၀ ရာခိုင်နှုန်းသည် နယ်စပ်ကုန်သွယ်မှုဖြစ်ပြီးနယ်စပ်ဆက်သွယ်မှုတိုးမြှင့်ရန်နှင့်နယ်စပ်ဖြတ်ကျော်ခရီးသွားလာမှု လွယ်ကူချောမွေ့ရေးမြှင့်တင်ရန် အရေးကြီးကြောင်းကို နှစ်ဖက်စလုံးက သဘောတူခဲ့သည်။

ထို့ပြင် နယ်စပ်ဖြတ်ကျော်ကုန်စည်နှင့်ခရီးသည်ပို့ဆောင်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာနှစ်ခု(MoUs )ကိုအရှိန်မြှင့်ဆောင်ရွက်ရန်လိုအပ်ကြောင်းကိုလည်းခေါင်းဆောင်နှစ်ဦးကအလေးထားခဲ့သည်ဟု Sasikam Watthanachanက ပြောဆိုခဲ့သည်။

လုံခြုံရေးဆိုင်ရာနှင့်ပတ်သက်၍ မငြိမ်သက်ဖြစ်နေသော ထိုင်းတောင်ပိုင်းအရေးသည် ပြည်တွင်းရေးကိစ္စဖြစ်ကြောင်းနှင့် ယင်းဒေသ၏ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် ထိုင်းနိုင်ငံက အောင်မြင်စွာဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း မစ္စတာအန်ဝါက ပြောကြားခဲ့သည်။

**Ref:** ဘန်ကောက်ပို့စ်

**Source : Popular News Journal**

## STOCK EXCHANGE (19.12.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 19th Dec. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,348 (Shares) | 13,057,600 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,200 | 8,400 | 8,200 | 542 | 4,461,400 | 33,109,694 | 278,121 |
| MTSH | 00002 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 1,037 | 3,214,700 | 38,929,150 | 120,680 |
| MCB | 00003 | 8,400 | +200 | +2.44% | 8,200 | 8,400 | 8,200 | 11 | 90,400 | 10,400,986 | 87,368 |
| FPB | 00004 | 1,950 | +50 | +2.63% | 1,950 | 1,950 | 1,950 | 101 | 196,950 | 29,664,613 | 57,846 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 3 | 9,000 | 12,823,224 | 38,470 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 720 | 1,199,250 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +200 | +4.65% | 4,200 | 4,500 | 4,200 | 897 | 3,768,900 | 10,497,598 | 47,239 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,250 | 3,250 | 3,100 | 37 | 117,000 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 19th Dec. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 390.99 | +3.00 | +0.77% | 383.92 | 391.25 | 383.92 | 3,348 | 13,057,600 | 8 | 737,480 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 19th Dec. 2024

| Trading Volume | Trading Value |
|---|---|
| 3,935 (Shares) | 14,818,600 (MMK) |

## Main Board

As of 1:00 pm, 19th Dec. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,348 (Shares) | 13,057,600 (MMK) |

| MYANPIX | 390.99 ▲ 3.00 |
|---|---|
| Total Volume (shares) | 3,348 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 737,480 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 3,100 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 200 |
| FPB | 00004 | 1,950 | ▲ 50 |
| TMH | 00005 | 3,000 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 200 |
| MAEX | 00008 | 3,100 | ▲ 0 |

TIR